# COVID-19- လူကိုယ်တိုင် တွေ့ဆုံရသည့် ဝန်ဆောင်မှုများအတွက် ကန့်သတ်ချက်များ

## နယ်လှည့်တရားရုံးစာရေးကို ဆက်သွယ်ရန်-

**နိုင်ငံတော် တရားရုံးချုပ် အမိန့် 2020-55 နှင့် 2020-56 အရ တရားရုံး အဆောက်အအုံများသို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသာ ဝင်ခွင့်ရှိသည်-**

- ရှေ့နေများ၊ အမှုသည်များ၊ သက်သေများ၊ ဂျူရီလူကြီးများ၊ အိမ်တွင်းအကြမ်းဖက်မှု အကျိုးဆောင် ရှေ့နေများနှင့် လူကိုယ်တိုင် ကြားနာမှုများတွင် လာရောက်ရန် တရားသူကြီးတစ်ဦးက စီစဉ်ထားသော သို့မဟုတ် အတည်ပြုထားသောသူများ။
- အရေးပေါ် အကာအကွယ်ပေးရေး အမိန့်များ၊ လူမှုဆက်ဆံရေးဆိုင်ရာ မတော်မတရားပြုသူထံမှ အကာအကွယ်ပေးရေး အမိန့်များ၊ အရေးပေါ် အုပ်ထိန်းခွင့် အမိန့်များ၊ အရက်၊ မူးယစ်ဆေးစွဲမှုမှ ပြန်လည်ထူထောင်ရေး Casey ဥပဒေ အမိန့်များနှင့် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့၍ကုသစေရန် အမိန့်များ ချမှတ်ပေးရန် တောင်းဆိုထားသူများ။
- တရားရုံးအမိန့်အရ အကြွေးဆပ်ရန်စသည့် ရည်ရွယ်ချက်များအတွက် ပေါင်နှံထားသည့် အိမ်ခြံမြေ ရောင်းချမှုတွင် တက်ရောက်သူများ။
- အမှုဖိုင် သို့မဟုတ် အများပြည်သူ ကြည့်ရှုခွင့်ရှိသည့် တာမီနယ်လ်တစ်ခုသို့ ဝင်ရောက်ကြည့်ရှုရန် လိုအပ်ပြီး နယ်လှည့်တရားရုံးစာရေးထံတွင် ချိန်းဆိုမှု ပြုလုပ်ထားပြီးသူများ။
- ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုများအတွက် နယ်လှည့်တရားရုံး စာရေးထံတွင် ချိန်းဆိုမှု ပြုလုပ်ထားပြီးသူများ။ မှတ်ချက် - ၂၀၂၀ မတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ အတွင်း သက်တမ်းကုန်သော ယာဉ်မောင်းလိုင်စင်များကို အွန်လိုင်းမှသာ သက်တမ်းတိုးရမည်။
- စီစဉ်ထားသော မူးယစ်ဆေးသုံးစွဲထားခြင်း ရှိမရှိ စစ်ဆေးရန် လာရောက်သတင်းပို့သူများ။

ဖိုင်အားလုံးကို စာတိုက်မှတစ်ဆင့်ဖြစ်စေ အင်တာနက်မှတစ်ဆင့်ဖြစ်စေ သို့မဟုတ် တရားရုံးအပြင်ဘက်တွင် ထားပေးထားသည့် စာပုံးကို သုံး၍ သမားရိုးကျနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

တရားရုံး စရိတ်များ၊ ဒဏ်ကြေးများ၊ အခကြေးငွေများ၊ ထိခိုက်မှုအတွက် လျော်ကြေးများအတွက် နယ်လှည့်တရားရုံး စာရေးထံ ငွေပေးအမိန့် ဖြတ်ပိုင်းကို စာတိုက်မှ ပေးပို့၍ဖြစ်စေ နယ်လှည့်တရားရုံး စာရေးထံ ဖုန်းခေါ်၍ ငွေသားဖြင့်ဖြစ်စေ ခရက်ဒစ်ကတ်ဖြင့်ဖြစ်စေ ပေးဆောင်နိုင်ပါသည်။

ဒဏ်ကြေးကြိုတင်ပေးဆောင်နိုင်သော ဆင့်ခေါ်စာဖြတ်ပိုင်းများအတွက် အွန်လိုင်း www.kycourts.gov တွင် ePay မှတစ်ဆင့် ပေးဆောင်နိုင်သည်။

ခံဝန်ချက်ဖြင့် ထောင်မှလွှတ်ရန် အာမခံငွေ ပေးဆောင်ရမည့် ပုဂ္ဂိုလ်များသည် နယ်လှည့်တရားရုံး စာရေးထံ ဆက်သွယ်၍ နောက်ထပ် ညွှန်ကြားချက် ရယူသင့်သည်။

တရားရုံး အမှုတစ်ခုကို အများက တက်ရောက်ကြားနာနိုင်ခွင့်ကို တောင်းဆိုရန် နယ်လှည့်တရားရုံး စာရေးထံ ဆက်သွယ်၍ လမ်းညွှန်ချက် ရယူပါ။

တရားရုံး အဆောက်အအုံအတွင်း ဝင်ရောက်ရန် သတ်မှတ်ချက် မပြည့်မီသူများသည် နယ်လှည့်တရားရုံး စာရေးထံ ဆက်သွယ်၍ ရက်ချိန်းပြန်သတ်မှတ်ပေးရန်၊ အဝေးမှ တက်ရောက်ရန် သို့မဟုတ် အခြားတစ်နည်းအားဖြင့် သူ သို့မဟုတ် သူမ၏ တရားရုံး ကိစ္စရပ် ပြီးမြောက်စေရန်အတွက် အစီအစဉ်များ ပြုလုပ်ပေးရန် တောင်းဆိုသင့်ပါသည်။